ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၃၄၁၀၁၅၃၊ ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၄၊ အီးမေးလ် - policy@frd.gov.mm

စာ အမှတ်၊ ငကစ / မူဝါဒ /(၀၂၆ / ၂၀၂၁)
ရက် စွဲ၊၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

အကြောင်းအရာ။ **တာလီဘန် အကြမ်းဖက်အုပ်စု၊ အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စု၊ အိုင်အက်စ်အိုင်အယ်လ် အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ပြန်ထားသော အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် ယင်းတို့နှင့် ဆက်နွယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်း**

ရည် ညွှန်း ချက်။ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအားတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ၃၀-၁၂-၂၀၂၀ ရက်စွဲပါစာအမှတ်၊၄၃၂၃(၄၃၄၃)/၁၄-၀၃/ဦး ၄

၁။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်၊ ၁၂၆၇(၁၉၉၉) နှင့် ဆက်စပ်ဆုံးဖြတ်ချက်အရ ထုတ်ပြန်ထားသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ ပိုင်ဆိုင်သော၊ ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်နေသောငွေကြေးနှင့်ပစ္စည်းများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းရမည်ဖြစ်ပါသည်။

၂။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အင်တာနက်စာမျက်နှာ https://www.un.org/security council/နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက်စာမျက်နှာ https://mfiu.gov.mm/unsanctions-lists တို့တွင်အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ဝင်ရောက်ကြည့်ရှုရန်နှင့်မိမိတို့လက်ဝယ်တွင် ရှိ/မရှိ စိစစ်ခြင်း၊ တွေ့ရှိချက်များအား သတင်းပို့ခြင်း၊ နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ထိန်းချုပ်သိမ်းဆည်းခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သော ဆုံးဖြတ်ချက်အမှတ် - 1267 (1999),1333 (2000), 1363(2001), 1373(2001), 1390(2002),1452(2002), 1455(2003), 1526(2004), 1566(2004), 1617(2005), 1624(2005), 1699(2006), 1730(2006), 1735(2006), 1822(2008), 1904 (2009),1988(2011), 1989(2011),2083(2012),2133(2014), 2161(2014), 2170 (2014), 2178(2014), 2195(2014), 2199(2015), 2214(2015), 2249(2015), 2253(2015), 2309(2016), 2322(2016), 2331 (2016),2341(2017),2347(2017), 2349(2017), 2354(2017), 2368 (2017), 2379(2017), 2388(2017),

2396(2017),2427(2018),2462(2019),2482(2019) နှင့် 2560(2020) များအား ထပ်ဆင့်လွှင့်တင်ခြင်း၊ ကိုယ်ပိုင်အင်တာနက်စာမျက်နှာရှိသော သတင်းပို့အဖွဲ့အစည်းများမှ လွှင့်တင် ခြင်း ပြုလုပ်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ကြီးကြပ်စစ်ဆေးနေသော သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများအနေဖြင့် အဆိုပါ တာလီဘန်အကြမ်းဖက်အုပ်စု၊ အယ်လ်ကိုင်ဒါ အကြမ်းဖက် အုပ်စု၊ အိုင်အက်စ်အိုင်အယ်လ် အပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ပြန်ထားသော အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည့် လူပုဂ္ဂိုလ်များအားလုံး၊ ဌာန အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအားလုံးနှင့်ပတ်သက်၍ ပိုင်ဆိုင်သော၊ ထိန်းချုပ်ထား သော သို့မဟုတ် ဆက်နွယ်နေသော ငွေကြေးနှင့်ပစ္စည်းများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းရန်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့်ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့၏ အင်တာနက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုရန်နှင့် မိမိတို့ အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်မှု ရှိ/မရှိ ထိန်းချုပ်သိမ်းဆည်းခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြ နိုင်ရေး လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အကြောင်းကြားပါသည်။

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှောစာ